**2019**
# MATRICULATION EXAMINATION
# DEPARTMENT OF MYANMAR EXAMINATION

**ENGLISH** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**

**ANSWER ALL QUESTIONS.**

**I. Read the passage.**

ပြဌာန်းစာအုပ်တွင် ပါရှိသော သင်ခန်းစာ (၁၄)ခုထဲမှ စာပိုဒ် တစ်ပိုဒ်ပေးထားပါမည်။

**(A) Write the correct word or words to complete each sentence.** **(5 marks)**

ဝါကျ (၁)ခုစီတွင် ကွက်လပ်(၁)ခုစီပါသော ဝါကျ (၅)ကြောင်း ပေးထားပြီး ကွက်လပ်များကို စာပိုဒ်ပါ အချက်အလက်များဖြင့် မှန်ကန်စွာ ဖြည့်ပေးရပါမည်။

**(B) Answer each question in one sentence.** **(5 marks)**

စာပိုဒ်ပေါ် အခြေခံသော မေးခွန်း(၅)ခုမေးထားပြီး တစ်ခုစီကို ဖြေဆိုရာတွင် စာကြောင်းတစ်ကြောင်းဖြင့် ပြည့်စုံစွာ ဖြေဆိုရပါမည်။

**II. Fill in each numbered blank with a word from the list given. There are five extra words.** **(10 marks)**

**Write down only the number of the blank and the word that fills it.**

ကွက်လပ် (၂၀)ပါသော ပြဌာန်းစာအုပ်ပါ စာပိုဒ် (၁)ပိုဒ်ပေးထားပြီး ဖြည့်ရမည့် စကားလုံး (၂၅)လုံးပေးထားပါမည်။ မှန်ကန်သော စကားလုံး (၂၀)ဖြင့် ကွက်လပ်ကို ဖြည့်ပေးရပါမည်။

**III.(A) Choose the appropriate word(s) to complete the sentences.** **(5 marks)**

ပြဌာန်းစာအုပ်ရှိ Vocabulary Section နှင့် စာပိုဒ်များတွင် ပါဝင်သော စကားလုံးများဖြင့် တည်ဆောက်ထားသော ဝါကျ (၅)ကြောင်းပေးထားပါမည်။ ဝါကျတစ်ကြောင်းစီတွင် ရွေးချယ်စရာ (၃)ခုကို A, B, C ဖြင့်ပေးထားပြီး ဝါကျကို အဓိပ္ပါယ်ပြည့်စုံစေသည့် မှန်ကန်သော စကားလုံး(သို့မဟုတ်) စကားစုကို ရွေးချယ်ပေးရပါမည်။

**III.(B) Write the appropriate words or groups of words to complete the lines of verse.** **(5 marks)**

ပြဌာန်းစာအုပ်ရှိ ကဗျာများထဲမှ ကွက်လပ်(၁)ခုစီပါဝင်သော မေးခွန်း(၅)ခုမေးပါမည်။ ကဗျာစာကြောင်းများကို ပြည့်စုံအောင် မှန်ကန်သော စကားလုံးများဖြင့် ဖြည့်ပေးရပါမည်။

**IV. Give complete answers to these questions.** **(10 marks)**

ပြဌာန်းစာအုပ်ပါ သင်ခန်းစာ(၁၄)ခုတွင်ပါရှိသော စာပိုဒ်များအပေါ် အခြေခံ၍ မေးခွန်း (၄)ပုဒ်ကို မေးပါမည်။ မေးခွန်းနံပါတ်(၅)တွင် ကဗျာများမှ ကောက်နုတ်ထားသော စာကြောင်း (၂)ကြောင်း၊ (၃)ကြောင်း ပေးထားပြီး **What do these lines mean?** ဟု မေးပါမည်။ ကဗျာ၏ ဆိုလိုရင်းကို တိကျမှန်ကန်စွာ ဖြေဆိုရပါမည်။

**V. Read the passage.**

ပြဌာန်းစာအုပ်တွင် မပါဝင်သော တက္ကသိုလ်ဝင်ကျောင်းသား၊ ကျောင်းသူတို့ အဆင့်နှင့် ကိုက်ညီသည့် စာပိုဒ် တစ်ပိုဒ် ပေးထားပါမည်။

**Answer these questions. Give complete answers.** **(10 marks)**

မေးခွန်း(၅)ခုမေးပါမည်။ စာပိုဒ်ကို ဖတ်ပြီး မေးခွန်းများကို ပြည့်စုံစွာ ဖြေဆိုရပါမည်။

**VI. Punctuate the following.** **(5 marks)**

ပြဋ္ဌာန်းစာအုပ်တွင် မပါသော စာကြောင်း(၅)ကြောင်းပေးထားပြီး ၄င်းစာကြောင်းများကို သင့်လျော်သော Punctuation Mark များသုံး၍ ပြန်ရေးပေးရပါမည်။

**VII.(A) Finish each sentence in such a way that it means exactly the same as the sentence that is given.** **(10 marks)**

ဝါကျ(၁၀)ကြောင်းပေးထားပြီး ၄င်းဝါကျများကို အဓိပ္ပါယ်မပြောင်းစေပဲ ပေးထားသော ဝါကျအစ စကားလုံးများဖြင့် ပြည့်စုံစွာ ပြန်လည် ရေးသားဖြေဆိုရပါမည်။

**(B) Using the prompts given, write a very short paragraph on ONE of the following.** **(10 marks)**

ဖတ်စာအုပ်ပါ သင်ခန်းစာများကို အခြေခံသော ခေါင်းစဉ်(၂)ခုပေးထားပါမည်။ မိမိနှစ်သက်ရာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ ပေးထားသော အချက်အလက်များကို အသုံးပြု၍ စာပိုဒ် တစ်ပိုဒ်ရေးသားရပါမည်။

**VIII. Letter Writing** **(10 marks)**

ရွေးချယ်ရန် ပေးစာ (၂)ခုပေးထားပါမည်။ မိမိနှစ်သက်ရာ ပေးစာ တစ်စောင်ကို ရွေး၍ စာလုံးရေ (၃၀၀) ထက်မပို သော ပေးစာတစ်စောင်ရေးသားရပါမည်။

**IX. Essay Writing** **(15 marks)**

ရွေးချယ်ရန် စာစီစာကုံးခေါင်းစဉ် (၃)ခုပေးထားပါမည်။ မိမိနှစ်သက်ရာ တစ်ခုကို ရွေး၍ စာလုံးရေ (၅၀၀) ထက်မပိုသော စာစီစာကုံးတစ်ပုဒ် ရေးသားရပါမည်။

********************